" ဘဒ္ဒန္တဇာနေယျ မြစိမ်းတောင်ဆရာတော်ဘုရား၏ထေရုပတ္တိအကျဉ်း "

ငယ်နာမည် ။ ။ မောင်စိန်မင်း
မွေးဖွားရာဇာတိ ။ ။ ဘောလုံးကွင်းကျောင်းလမ်း၊ တိုက်ကြီးမြို့ ။
မွေးသက္ကရာဇ် ။ ။ ၁၃၁၅ ခု တပို့တွဲလဆန်း (၁၃)ရက်၊ အင်္ဂါနေ့
မွေးချင်း ။ ။ (၅) ဦးအနက် သားဦးရတနာ
ဖခမည်းတော် ။ ။ ဦးကြွက်နီ
မယ်တော် ။ ။ ဒေါ်သန်းသန်း
နေရပ်လိပ်စာ ။ ။ မြစိမ်းတောင်ကျောင်း၊ လိမ္မော်ခြံကျေးရွာအုပ်စု၊ တိုက်ကြီးမြို့။
သာသနာ့မှတ်တမ်းနံပါတ် ။ ။ (၁၂/တကန(သ) ၀၀၀၀၂၃)

ရှင်သာမဏေဖြစ်သည့်ကျောင်း
နှင့်ဥပဇ္ဈာယ်ဆရာတော် ။ ။ တိုက်ကြီးမြို့ လယ်ဘုရားကြီးကျောင်းဆရာတော် ဦးကိတ္တိဝရ
ရဟန်းဖြစ်သည့်ခုနှစ်နှင့်
ဥပဇ္ဈာယ်ဆရာတော် ။ ။ ၁၃၄၃ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက်၊ နံနက်(၉)နာရီ (၁၂)မိနစ်
ဘုရားကြီးကျောင်းဆရာတော် ဦးကိတ္တိဝရ

ပရိယတ္တိသင်ကြားမှုမှတ်တမ်း ။ ။ ဥပဇ္ဈာယ်ဆရာတော်ကျောင်းတွင်(၂)နှစ် အခြေခံသင်ကြား၍ ဥက္ကံမြို့ ဘုရားကြီးကျောင်းတွင် (၁)ဝါ၊ သဒ္ဒါ၊ ဝိနည်း၊ သင်္ဂြိုလ် သင်ကြားပါသည်။

ပဋိပတ္တိအားထုတ်မှုမှတ်တမ်း ။ ။

ရဟန်းဝါ(၄)ဝါမှစ၍ ပထမမင်းကွန်းတောရတွင်(၁)လ၊ မဟာစည် သာသနာ့ရိပ်သာကြီးတွင် (၁)လအားထုတ်ပါသည်။ ရွှေရေးဆောင် ဆရာတော်ကြီးထံ တရားစစ်ခံရသည်။ တစ်လပြည့်သောအခါ မိတ္ထီလာ တောင်ပုလုဆရာတော်ဘုရားကြီးထံတွင် ခုတင်ဆောင်ပြီး(၆)လ အားထုတ်၍ တောင်ပုလု မိတ္ထီလာမှပြန်လာပြီး လိမ္မော်ခြံ ကျေးရွာအရှေ့ဘက်ပြန်ကြီးတောထဲတွင်တောရ (၆)နှစ်ခန့် ဆောက်တည်၊ မဟာစည်သာသနာ့ရိပ်သာကြီးသို့ တောရဆောက်တည်ရာမှ (၁၀)ကြိမ် မက ဝင်ရောက် အားထုတ်လိုက်၊ တောရဆောက်တည်လိုက်နှင့် ဝိပဿနာ တရားများကို ကြိုးစားကျင့် ကြံအား ထုတ်ခဲ့ ပါသည်။ မဟာစည် သာသနာ့ရိပ်သာကြီးတွင် တစ်ကြိမ်လျှင် (၄၅)ရက်နှင့် (၁၀)ကြိမ်မက အားထုတ်ခဲ့ ပါ သည်။ ရွှေတောင်ကုန်း ဆရာတော်ကြီး လက်ထက် ဦးသာသနထံတွင် တရား စစ်ခံရပါသည်။ နောက်နှစ် တရားစခန်း ဝင်စဉ် မြစ်သားဆရာတော်၊ လေးမျက်နှာ ဆရာတော်၊ ဆရာတော် ဦးဇဋိလ တိုထံတွင်

ဆိတ်ငြိမ်(၆)လဝင်စဉ်က တရားအစစ်ခံရပါသည်။ ပထမအကြိမ် ဆိတ်ငြိမ်ဝင်စဉ် အားထုတ်စဉ်က ကြို့ပင် ကောက်ဆရာတော်ကြီး စစ်ဆေးပါသည်။ ရဟန်းဝါ (၁၀)ဝါကျော်ပြီးချိန်မှစ၍ မြစိမ်းတောင်ကျောင်း တာဝန် များကို ထမ်းဆောင်နေဆဲဖြစ်၍၊ မဟာစည် ရိပ်သာကြီးသို့ နစ်စဉ် သွားရောက်နိုင်ခြင်း မပြုနိုင် သော်လည်း ကျောင်းရှိ သံဃာ၊ သီလရှင်၊ ယောဂီများအား မိမိ တတ်စွမ်းသ၍ ပဋိပတ် ကျင့်စဉ်များအား ဟောပြော ပြသ၍ မဟာစည် ဆရာတော်ဘုရားကြီး၏ နည်းနားနိဿယ အတိုင်း တရားရှုမှတ်များအား သင်ကြားပေး၍ ယောဂီများအား တရား ရှုမှတ် စေခဲ့ပါသည်။ တစ်ဖက်ကလည်း ကျောင်းနှင့် ပတ်သတ်သော ဒါယကာ၊ ဒါယ ကာမများ၏ သာရေး၊ နာရေးကိစ္စများ ဆောင်ရွက်နေရသလို၊ တစ်ဖက်ကလည်း ဗုဒ္ဓမြတ်စွာ အဖဘုရား၏ အလိုတော်အတိုင်း သာသနာတော်ကြီး အရှည် တည်တံ့စေခြင်းငှာ ပဋိပတ္တိ သာသနာတော် ထွန်းကားပြန့် ပွားစေခြင်းငှာ သံဃာ၊ သီလရှင်၊ ယောဂီတို့ တရားအားထုတ်မှု လမ်းမှန် တည့်စေရန် မိမိသိသ၍ အားသွန်ခွန်စိုက် တရားရှုမှတ်မှုများ ဟောပြောပြသ တိုက်တွန်း ဆောင်ရွက်လျှက် ရှိပါသည်။ မြစိမ်းတောင် ဆရာတော်ဘုရားသည် အများသူငါတို့ အပါယ်တံခါး ပိတ်ရေး၊ အများအကျိုးကို အချိန်ပြည့် မနားမနေ ဆောင်ရွက်နေသလို မိမိကိုယ်တိုင် လည်း မြတ်ဘုရား အဆုံးအမအတိုင်း ဤသံသရာဝဋ်မှ ကျွတ်ရေးအတွက် အများအကျိုးကို ဆထက်ထမ်း ပိုးသယ်ပိုးနိုင်ရေး အတွက် ပဋိပတ်အလုပ်တရားတွင် မွေ့ လျော်စွာ ကျက်စားရင်း သာသနာ့ တာဝန်များကို မနားမနေ ထမ်းဆောင်လျှက် ရှိပါသည်။

| | |
|---|---|
| Xxxxxxxxxxxxxxxxxx | xxxxxxxxxxxxxxxxxxxxx |
| ဦးကောဝိဒ | ဦးဇာနေယျ |
| (မှတ်တမ်းရေးသူ) | မြစိမ်းတောင်ဆရာတော် |
| ဆရာတော်ဘုရား၏နိဿရည်းခံတပည့် | မြစိမ်းတောင်ကျောင်း |
| မြစိမ်းတောင်ကျောင်း | လိမ္မော်ခြံကျေးရွာအုပ်စု |
| လိမ္မော်ခြံကျေးရွာအုပ်စု | တိုက်ကြီးမြို့နယ် |
| တိုက်ကြီးမြို့နယ် | ရန်ကုန်တိုင်း |